MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED

# DIVIDEND AND DIVIDEND POLICY

DIVIDEND AND DIVIDEND POLICY

## Introduction

Statements contained in this section "Dividends" that are not historical facts are forward-looking statements. Such statements are subject to certain risks and uncertainties which could cause actual results to differ materially from those which may be forecasted and projected. Under no circumstances should the inclusion of such information herein be regarded as a representation, warranty or prediction with respect to the accuracy if the underlying assumptions by us or any other person. Investors are cautioned not to place undue reliance on these forward-looking statements that speak only as the date hereof. See the section **"Notice to Investors – Forward Looking Statements"**

## Past Dividend

Our Company has not declared or paid any dividend from the date of our incorporation and up to the Latest Practicable Date.

## Dividend Policy

Subject to the Companies Act, our Company may, from time to time with the approval of Shareholders in general meeting, declare dividends to be paid to the Shareholders but no dividend shall be declared in excess of the amount recommended by our Board. We must declare and pay all dividends out of profits of our Company. Our Directors may declare an interim dividend without seeking Shareholders' approval.

The dividend policy of our Company is governed by our Company policy. In our Company policy, we will pursue a dividend policy whereby dividends shall be paid or distributed to its shareholders (including our Company) in amounts proportional to each shareholder's percentage ownership interest to the full amount of the profits of our Company which are available for distribution from time to time in accordance with and subject to Applicable Laws of Myanmar but after making all necessary, reasonable and prudent cash provisions and reserves for:

- taxation;
- the prepayment of any borrowings by our Company;
- any capital expenditures and construction-related requirement;
- the fulfillment of the our Company's working capital requirements; and
- any other matter required for the fulfillment of the our Company's obligations.
- Further, in considering the timing, manner and amount of dividend, if any, our Board intends to take into account various factors, including:
- the level of cash, gearing, return on equity and retained earnings;
- our Company's expected financial performance;
- our Company's projected investment plans, including further investment in MAEX; and
- Restriction on payment of dividend that may be imposed on our Company under our financing arrangements.

We will pay the dividend, if any, in Myanmar Kyats.

**အမြတ်ဝေစုများနှင့်အမြတ်ဝေစုပေးမည့်အစီအစဉ်။**

နိဒါန်း

ဤကဏ္ဍတွင်ပါဝင်သည့် ဖော်ပြချက် "အမြတ်ဝေစုများ" မှာ ယခင်နှစ်များက ဆောင်ရွက်ချက်များ မဟုတ်ဘဲ ရှေ့သို့ မျှော်မှန်းချက်သာဖြစ်ပါသည်။ ယင်းဖော်ပြချက်များက တစ်စုံတခုသော စွန့်စားရမှုများနှင့် မသေချာမှုများကို ကြုံတွေ့ခံစားရသဖြင့် လက်တွေ့ကြုံလာမည့် ရလဒ်များသည် ကြိုတင်မှန်းဆထား၍ စီမံကိန်းပါ အချက်များနှင့် ကွဲပြားခြားနားနိုင်ပါသည်။ မည်သို့သောအခြေအနေတွင်ဖြစ်စေ ဤကဏ္ဍပါ သတင်းအချက်အလက်များသည် ကျွန်ုပ်တို့၏(သို့မဟုတ်)အခြားတစ်ဦးဦး၏ ယူဆမှန်းဆချက်များအပေါ် အခြေခံပြီး ကိုယ်စားပြုမှု၊ တာဝန်မခံမှု (သို့မဟုတ်) ကြိုတင်ပြောပြချက်တစ်ခုအဖြစ် ယူဆရန် မသင့်ပါ။ ရင်းနှီးမြှုပ်နှံသူများသည် ယနေ့တွင်ပြောဆိုသော ရှေ့သို့ မျှော်မှန်းထားသည့် ဖော်ပြချက်များအပေါ် လွန်ကဲသော ယုံကြည်ကိုးစားမှုမျိုးကို မပြုကြရန် ဂရုပြုရမည်။ **" ရင်းနှီးမြှုပ်နှံသူများသို့ အသိပေးချက်- ရှေ့သို့ မျှော်မှန်းထားသော ဖော်ပြချက်များ"** ကဏ္ဍကိုကြည့်ပါ။

**ယခင်ကပေးဝေခဲ့သောအမြတ်ဝေစု**

ကျွန်ုပ်တို့ ကုမ္ပဏီသည် ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်သောရက်မှ နောက်ဆုံးတင်ပြရက်အထိ ကာလအတွင်းတွင် အမြတ်ဝေစုနှင့်စပ်လျဉ်း၍ ကြေငြာခြင်း(သို့မဟုတ်)ပေးကမ်းခဲ့ခြင်းမရှိပါ။

**အမြတ်ဝေစုခွဲခြင်းမူဝါဒ**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေနှင့်အညီ ကျွန်ုပ်တို့ကုမ္ပဏီသည် အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ဖြင့် အစုရှယ်ယာရှင်များသို့ပေးမည့် အမြတ်ဝေစုကို အခါအားလျော်စွာ ထုတ်ပြန်ပေးမည်။ သို့ရာတွင် ကျွန်ုပ်တို့ဘုတ်အဖွဲ့က ထောက်ခံအကြံပြုသည့်ပမာဏ ထက်ကျော်လွန်၍ မည်သည့် အမြတ်ဝေစုကိုမျှ မကြေငြာရပါ။ ကျွန်ုပ်တို့သည် အမြတ်ဝေစုအားလုံးကို ကျွန်ုပ်တို့ကုမ္ပဏီ၏ အမြတ်ထဲမှသာ ကြေငြာ၍ ပေးနိုင်သည်။ ကျွန်ုပ်တို့ဒါရိုက်တာများက ကြားဖြတ်အမြတ်ဝေစုကို အစုရှယ်ယာရှင်များ၏ အတည်ပြုချက် ရယူခြင်းမရှိဘဲ ကြေငြာနိုင်သည်။

အမြတ်ဝေစုခွဲခြင်းမူဝါဒသည် ကျွန်ုပ်တို့ ကုမ္ပဏီ၏မူဝါဒအတိုင်းသာဖြစ်မည်။ ကျွန်ုပ်တို့ကုမ္ပဏီ၏ မူဝါဒမှာ အမြတ်ဝေစုများကို (ကျွန်ုပ်တို့ကုမ္ပဏီအပါအဝင်ဖြစ်သော) ကုမ္ပဏီ၏ အစုရှယ်ယာ ရှင်များအား ၎င်းတို့ တစ်ဦးချင်း ပိုင်ဆိုင်မှု ရာခိုင်နှုန်းအတိုင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ သက်ဆိုင်ရာပြဌာန်းချက်များနှင့်အညီ ပေါ်ထွက်လာမည့် ကုမ္ပဏီ၏ အမြတ်ငွေများပေါ်မူတည်၍ အောက်ဖော်ပြပါ လိုအပ်ချက်များ၊ ကျိုးကြောင်း ခိုင်လုံမှုများနှင့် အရံငွေအဖြစ် ဖယ်ထားရန်ငွေများကို ချန်လုပ်ပြီးသတ်မှတ်ရန်ဖြစ်ပါသည်။

* အခွန်ငွေ။
* ကျွန်ုပ်တို့ကုမ္ပဏီကချေးယူထားမှုများအတွက်ကြိုတင်ပေးငွေ။

*

ငွေလုံးငွေရင်းဖြင့်သုံးရမည့်စရိတ်များနှင့်ဆောက်လုပ်ရေးနှင့်ဆက်စပ်သောလိုအပ်ချက်များ

* ကျွန်ုပ်တို့ကုမ္ပဏီ၏လုပ်ငန်းသုံးလည်ပတ်ငွေလိုအပ်ချက်များဖြည့်ဆည်းခြင်း။

* ကုမ္ပဏီ၏ ကတိခံဝန်ချုပ်များဖြည့်ဆည်းရေး လိုအပ်သောကိစ္စများအတွက်လိုအပ်ငွေများ။

* အမြတ်ဝေစုနှင့် ပတ်သက်သောအချိန်၊ နည်းလမ်းနှင့် အမြတ်ဝေစုပမာဏတို့အပေါ် ချင့်ချိန်ဆုံးဖြတ်ရာ၌ အောက်ပါအကြောင်းအချက်တို့ကို ထည့်သွင်းစဉ်းစားရန် ရည်ရွယ်ပါသည်။

* ငွေသားပမာဏ၊ ကုမ္ပဏီ၏ တင်ရှိသည့်ကြွေးမြီပမာဏနှင့် ၎င်း၏ ရှယ်ယာတန်ဘိုးအကြား ဆက်နွယ်မှု (gearing)၊ ရင်းနှီးငွေအပေါ် အကျိုးအမြတ်ပြန်လည်ရရှိမှု (return on equity) နှင့်ထိန်းသိမ်းထားသောဝင်ငွေများ။

* ကျွန်ုပ်တို့ကုမ္ပဏီကမျှော်မှန်းထားသောဘဏ္ဍာရေးဆောင်ရွက်မှု။

* MAEX တွင် ဆက်လက်ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကျွန်ုပ်တို့ကုမ္ပဏီ၏ စီမံလျာထားသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများနှင့်

* အမြတ်ဝေစုပေးဝေခြင်းအပေါ် ကန့်သတ်ခြင်းဖြင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဘဏ္ဍာရေးအစီအမံ များ ပေါ်သက်ရောက်လာနိုင်မှုများ။

ကျွန်ုပ်တို့သည် အမြတ်ဝေစုပေးရန်ပေါ် ပေါက်ပါက မြန်မာကျပ်ငွေဖြင့်ပေးမည်။